

စိုင်းဝင်းမြင့်

# ရန်ကုန်ကဗျာ





ISBN 9789997117908
POEM58
9 789997 117908
2,000.00KS

mgyoe.com

ရန်ကုန်ကဗျာ၊ စိုင်းဝင်းမြင့်
မျက်နှာဖုံးပန်းချီ - မှတ်သုန်
စာမျက်နှာ ၁၁၁ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရန်ကုန်ကဗျာ

စိုင်းဝင်းမြင့်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


❋ အဝေးပြေး . . . . . . . . . . ၁

၁။ ၁ . . . . . . . . . . ၂

၂။ ၂ . . . . . . . . . . ၃

၃။ ၃ . . . . . . . . . . ၄

❋ ဂါထာ ၁၀၀ . . . . . . . . . . ၅

၁။ ၁ . . . . . . . . . . ၆

၂။ ၂ . . . . . . . . . . ၇

၃။ ၃ . . . . . . . . . . ၈

၄။ ၄ . . . . . . . . . . ၉

၅။ ၅ . . . . . . . . . . ၁၀

၆။ ၆ . . . . . . . . . . ၁၁

၇။ ၇ . . . . . . . . . . ၁၂

❋ ဓာတ်လှေကား ယဉ်ကျေးမှု . . . . . . . . . . ၁၃

၁။ ၁ . . . . . . . . . . ၁၄

၂။ ၂ . . . . . . . . . . ၁၅

၃။ ၃ . . . . . . . . . . ၁၆


mgyoe.com

mgyoe.com


၄။ ၄ . . . . . . . . . . ၁၇

၅။ ၅ . . . . . . . . . . ၁၈

⁜ ဆောင်းအိပ်မက် . . . . . . . . . . ၁၉

၁။ ၁ . . . . . . . . . . ၂၀

၂။ ၂ . . . . . . . . . . ၂၁

၃။ ၃ . . . . . . . . . . ၂၂

၄။ ၄ . . . . . . . . . . ၂၃

၅။ ၅ . . . . . . . . . . ၂၄

၆။ ၆ . . . . . . . . . . ၂၅

၇။ ၇ . . . . . . . . . . ၂၆

၈။ ၈ . . . . . . . . . . ၂၇

၉။ ၉ . . . . . . . . . . ၂၈

၁၀။ ၁၀ . . . . . . . . . . ၂၉

⁜ သတင်းကဗျာများ . . . . . . . . . . ၃၀

၁။ ပေရယ်ဖူး . . . . . . . . . . ၃၂

၂။ မီးပြတိုက် . . . . . . . . . . ၃၃

၃။ ဒွဲ . . . . . . . . . . ၃၄

၄။ စကားလုံးတွေမပါတဲ့ကဗျာ . . . . . . . . . . ၃၅

၅။ live show . . . . . . . . . . ၃၆

၆။ အခြားမဲ့ . . . . . . . . . . ၃၇

⁜ မနက်ခင်းကဗျာများ . . . . . . . . . . ၃၉

၁။ ၁ . . . . . . . . . . ၄၀

၂။ ၂ . . . . . . . . . . ၄၁

၃။ ၃ . . . . . . . . . . ၄၂

၄။ ၄ . . . . . . . . . . ၄၃

၅။ ၅ . . . . . . . . . . ၄၄


mgyoe.com

mgyoe.com


၆။ ၆ . . . . . . . . . . . ၄၅

၇။ ၇ . . . . . . . . . . . ၄၆

၈။ ၈ . . . . . . . . . . . ၄၇

၉။ ၉ . . . . . . . . . . . ၄၈

❋ ရန်ကုန်ကဗျာများ . . . . . . . . . . ၄၉

၁။ ရန်ကုန်အနောက်ပိုင်းသား . . . . . . . . . . . ၅၀

၂။ ၁ . . . . . . . . . . . ၅၁

၃။ ၂ . . . . . . . . . . . ၅၃

၄။ လည်တယ်တယ် . . . . . . . . . . . ၅၆

၅။ ၄ . . . . . . . . . . . ၅၉

၆။ ၅ . . . . . . . . . . . ၆၀

၇။ လိပ်ပြာ . . . . . . . . . . . ၆၁

၈။ ၇ . . . . . . . . . . . ၆၂

၉။ ၈ . . . . . . . . . . . ၆၃

၁၀။ ဂျုန်းရှင်းစီးတီး . . . . . . . . . . . ၆၄

၁၁။ ဟော့ပေါ့ စီးတီး . . . . . . . . . . . ၆၆

❋ ငါဆိုသော လူတစ်ယောက် . . . . . . . . . . ၆၉

၁။ ၁ . . . . . . . . . . . ၇၀

၂။ ၂ . . . . . . . . . . . ၇၂

၃။ ၃ . . . . . . . . . . . ၇၃

၄။ ၄ . . . . . . . . . . . ၇၄

၅။ ၅ . . . . . . . . . . . ၇၅

၆။ ၆ . . . . . . . . . . . ၇၆

၇။ ၇ . . . . . . . . . . . ၇၇

၈။ ၈ . . . . . . . . . . . ၇၈

၉။ ၉ . . . . . . . . . . . ၇၉


mgyoe.com

mgyoe.com


၁၀။ ၁၀ . . . . . . . . . . . ၈၀

၁၁။ ၁၁ . . . . . . . . . . . ၈၁

⁜ အဖေ . . . . . . . . . . . ၈၃

၁။ ၁ . . . . . . . . . . . ၈၄

၂။ ၂ . . . . . . . . . . . ၈၅

၃။ ၃ . . . . . . . . . . . ၈၆

၄။ ၄ . . . . . . . . . . . ၈၇

⁜ မြစ်တစ်ညနေ ကဗျာများ . . . . . . . . . . . ၈၉

၁။ မြစ်ကဗျာ ညကဗျာ . . . . . . . . . . . ၉၀

၂။ ကူးမြစ် . . . . . . . . . . . ၉၁

၃။ ညနေစောင်းစောင်း . . . . . . . . . . . ၉၂

၄။ ချစ်စကား ကြိုက်စကား . . . . . . . . . . . ၉၃

၅။ အရွေ့ . . . . . . . . . . . ၉၄

⁜ ကဗျာ ၁၀ . . . . . . . . . . . ၉၅

၁။ စားတယ် . . . . . . . . . . . ၉၆

၂။ မြက်ရိတ်သမား . . . . . . . . . . . ၉၇

၃။ ထရိုဂျင် မြင်းနှစ်များ . . . . . . . . . . . ၉၈

၄။ အရင်သမ္မတ အခုလူ . . . . . . . . . . . ၉၉

၅။ မနေ့က အိမ် . . . . . . . . . . . ၁၀၀

၆။ မီးပုံးပြန် . . . . . . . . . . . ၁၀၁

၇။ လွင့်မျော လ . . . . . . . . . . . ၁၀၃

၈။ ဖယ်ရာလမ်းပေါ်က တစ်နေ့၊ တကယ့်ချိမ့်ချိမ့် . . . . . . . . . . . ၁၀၄

၉။ မေမေရေ . . . . . . . . . . . ၁၀၅

၁၀။ သူငယ်ချင်း ဆင်းရဲသား . . . . . . . . . . . ၁၀၇




mgyoe.com

mgyoe.com

ဒါဝေးဂြေး

mgyoe.com

mgyoe.com


၁။

လူ့သမိုင်းဟာ မြင်းပေါ်မှာ ကုန်သွား
ပြန်မလာမြစ်ဟာ မြင်းမြီးထက် ရှည်လျားတယ်
ဘဝတစ်လျှောက်လုံး ပင်လယ်မှာ လှိုင်းစီးအိမ်လုပ်ပြီး နေရတယ်
ရေအဆုံးမှာ အခြားကမ္ဘာဆိုတာ တွေ့ခဲ့လည်း
စက်မှုယန္တရား အဝေးပြေးကားသမားမှာ အိမ်ရယ်လို့ မရှိ
အိပ်မက်လိပ်ပြာ ကုန်စည်စီးဆင်းမှုမှာ ဘာမှမပါ ဘာမှန်းမသိ
ကုန်ဟာ ယာဉ်ထက် အမြဲဝန်ပိုနေလည်း
ညထဲ ကြယ်တွေ တဖွဲဖွဲ
ဒီကားကြီးပေါ်မှာပဲ ကမ္ဘာကြီးကို စီးခဲ့တယ်။ ။

mgyoe.com

mgyoe.com



၂။

လမ်းတစ်လျှောက် ဆွတ်ခူး
လမ်းတစ်လျှောက် ပျိုးကြဲ
လူတိုင်း အိပ်မက်တစ်ခုစီရပြီး
အိမ်ပေါက်ဝတိုင်းမှာ လက်ဆောင်တစ်ခုစီ ချထားတယ်
မြို့ဟာ အိပ်မောကျ
အအေးဓာတ်ဟာ လမ်းပေါ်က လူကို သပ်ချ
လူလေလူလွင့်တစ်ယောက်စ နှစ်ယောက်စ
အမှောင်ထဲ တိတ်တိတ်လေး သွားရတာ ကျွန်တော်သဘောကျတယ်။ ။

mgyoe.com

mgyoe.com


## ၃။

အမှောင်ထဲမှာလည်း လူဟာ ချစ်ခြင်းမေတ္တာကြီးမား
နှလုံးသားနဲ့ သွားရတယ်
မြို့လည်း ဘုရားကြီးဖြစ်ရတယ်
လူလည်း ဘုရားကြီးတစ်ခေါက်ရောက်ရတယ်
ဘုရားကြီးပြီးတော့
ဘုရားကလေး
ဘုရားကလေးပြီးတဲ့နောက်
လူဟာ လမ်းပျောက်သွားသလိုပဲ။ ။

၁၇၊ ၁၂၊ ၂၀၁၈။
ဘုရားကြီး၊ ဘုရားကလေး။

mgyoe.com

mgyoe.com

# ဂါထာ ၁၀၀

mgyoe.com

mgyoe.com

၁။

သွားနေသူလည်း ရောက်ရမယ်
လာနေသူလည်း ရောက်ရမယ်
ရှဥ့်လည်း လျှောက်သာ
ပျားလည်း စွဲသာ
ကိုယ့်မှာ အချစ်ရှိပါတယ်။
ဒေဝဒတ်ဟာ အမှားကို ဝန်ချဖို့ ဘုရားဆီ ဦးတည်လာ
လာနေတာ မြင်နေလျက်နဲ့
''ငါ့ဆီ မရောက်ဘူး''လို့
ဗုဒ္ဓမြင်ခဲ့တာ
မြေပေါ် ခြေအချမှာ
မြေမျိုခံရရှာ။ · ။

mgyoe.com

mgyoe.com



၂။

ယခုဘဝတွင်မှ မဟုတ်
ဟိုးရှေးရှေးတုန်းကလည်း
ဒီလိုအဖြစ်မျိုး ရှိခဲ့သေးသည်။
နိဗ္ဗာနသမင်မင်းဇာတ်တော်ဖြစ်သည်။
ဇာတ်ပေါင်းသော်
ရွှေသမင်သည် ငါဘုရားအလောင်း
သမင်ငါးရာသည် သင်တို့များစွာ
အချစ်ရေ ကိုယ်တို့က ဘယ်မှာ။ ။

mgyoe.com

mgyoe.com

## ၃။

မိခင်ဟာ
လူ့ဘဝကို သားနဲ့ ပြန်မသွား
သားကို အခြားပေးမွေးစားပြီး
တရားနဲ့သာ ဆက်သွား
တရားနဲ့သာ ဆက်သွားလည်း တရားမရ
သားကိုပဲ တတနေ
သားကို တရားအမှတ်နဲ့
မကျင့်နိုင်ရှာဘူး
အခုလောက်ဆိုရင်
ငါ့သားလေး ဘယ်အရွယ်လောက် ရှိပြီ
အခုလောက်ဆိုရင်
ငါ့သားလေး လမ်းစမ်းလျှောက်နေပြီ
အခုလောက်ဆိုရင် ငါ့သားလေး
စကားတတ်နေပြီ
အမေကတော့ ခွဲခွာရာကနေ ရှေ့မဆက်
လွမ်းစိတ်နဲ့ ရပ်နေရဲ့။
တရားရှာသူဟာ တရားမရ
တရားကျဖို့ ကောင်းလေရဲ့
ဒီနေရာမှာ ကိုယ်တို့ဟာ
လူသားဆန်လှချည်ရဲ့။ ။

mgyoe.com

mgyoe.com



## ၄။

မိခင်နှင့်ဝေးရာ
အရွယ်ရောက်လာတဲ့ မင်းသားဟာ
မွေးစားနန်းတော်မှာ မပျော်
ပျော်ရွှင်မှုဟာ အဖန်ဖန်သေခြင်း၏ မွေးစားသား
ကျွန်တော်ဟာ ဒီလိုလည်း အတွေးအခေါ်ရှိသေးပါလား
တစ်နေ့မှာ ဒီလိုစဉ်းစားမိတယ် (ထင်တယ်)
ဦးချိုရှိသူဟာ ဦးချိုကြောင့် ဒုက္ခရောက်ရ
ဦးချိုလှလှမှာ ဒုက္ခလှလှ
သမင်မျက်ဝန်းလှလှ
တွေ့ဆုံခြင်းမှာ ခွဲခွာခြင်းသာ အဆုံးရှိတဲ့ လူ့ဘဝထဲ
ငါဘာလို့ ဆက်နေရမှာလဲ
ရဟန်းဘောင်သို့ ဝင်ခဲ့တယ်
တရားနဲ့သာ မွေ့လျော်
တရားဟောရာမှာ ထင်ရှားကျော်ကြားလာတယ်
ဘုရားတောင်မှ သွားနေရာက သူ့တရားသံမှာ
ရပ်နားထောင်ရတယ်တဲ့
ကိုယ့်အဘိုးက ဒီလိုပြောခဲ့တယ်
ဒါတွေကို ကိုယ်ဘာလို့ ပြန်ပြောပြမိနေတယ်
ကိုယ်တကယ်မသိတယ် အချစ်ရယ်။ ။

mgyoe.com

mgyoe.com


## ၇။

လူအို လူနာ လူသေ ရဟာန်း
နေ့စဉ် ဖြတ်သန်းနေရလည်း
ငါဟာ မထိတ်လန့် မတုန်လှုပ် မအံ့သြ
ဘာမှ ပြောစရာမရှိ
နှိမိတ်ကြီး လေးပါးမှာ
ငါကိုယ်တိုင် အိုနာသေ၏။ ။

mgyoe.com

mgyoe.com



## ၆။

ဆွဲချလိုက်သလို ကျသွားတယ်တဲ့
ရွှေ့လိုက်သလို ရွေ့သွားတယ်တဲ့
ယူပစ်လိုက်သလို ပျောက်သွားတယ်တဲ့
သြော် သူတို့က ရုပ်ကို ပြောနေကြတာကိုး
ငိုလွယ် ရယ်လွယ် စိတ်ကို စကားလုပ်နေကြတာကိုး
ကိုယ်ကတော့ ရွှေသွင်းထားသလို ဝင်းပ
ကဗျာရထားတဲ့ လပြည့်ညပါပဲ။

mgyoe.com

mgyoe.com

# ၇။

သိဒ္ဓတ္ထတောထွက်သွားတော့
ကျန်ခဲ့တဲ့ ယသော်ဓရာဟာ
တရားရှာနေတဲ့ သိဒ္ဓတ္ထကို
အဝေးကနေ ကြားသိတဲ့အတိုင်း
သိဒ္ဓတ္ထနေသလို နေတယ်တဲ့
သိဒ္ဓတ္ထကျင့်သလို ကျင့်တယ်တဲ့
ဩော် နောက်ဆုံးအချစ်ဟာ
ပွင့်ရဲ့ ကြွေရဲ့လွန်းတယ်။ ။

၁၇၊ ၁၀၊ ၂၀၁၇ မှ
၂၄၊ ၇၊ ၂၀၁၈ အထိ။

mgyoe.com

mgyoe.com

# ဓာတ်လှေကား ယဉ်ကျေးမှု

mgyoe.com

mgyoe.com

၁။

ခတ်လေ့ကားက ငါးလှာတစ်ခုပဲ ရောက်တယ်
အဲဒါ သုံး လေးလှာသမားတွေက ငါးလှာကို ဖြတ်ပြီး
လေ့ကားအတိုင်း ပြန်ဆင်းသွားကြတယ်
တစ်ယောက်တည်းစီးရမှာ ကြောက်လို့ အဖော်စောင့်နေသူကို
တစ်ယောက်တည်းမစီးနဲ့လို့
ခတ်လေ့ကားထဲမှာ ကျွန်တော်ခြောက်ဖြစ်အောင် ခြောက်လှန့်လိုက်သေးတယ်
ခတ်လေ့ကားနံရံပတ်လည် ပုံရိပ်ထင်ဟပ်မှုမှာ
ကိုယ်ခွဲများစွာ ကိုယ့်ကိုယ်ကိုယ် ပြန်တွေ့လိုက်ရတာကိုပဲ
ဟာ ဘယ်သူလဲ ထိတ်လန့်သွားသေးတယ်
ခတ်လေ့ကားအဆင်းအတက်ဟာ
ငါးလှာက လူတွေထက် ပိုများလာတယ်
ကြားထဲမှာ ဘာအထပ်မှ မရပ်ဘူး
တစ်ခါ တစ်ခါ ဆယ့်တစ်လှာအထိ သွားနေတယ်
ဘယ်သူခေါ်ခေါ်နေသလဲတော့ မသိဘူး
သွားနေရင်း တံခါးအလိုအလျောက် ပွင့်သွားတတ်တယ်ဆိုရင်လည်း
လူမနေတဲ့ အထပ်တွေမှာပဲ။

mgyoe.com

mgyoe.com



## ၂။

ဆယ်လွှာကို သွားဖို့ နံပါတ် ၉ ကို နှိပ်ရတယ်
မြေညီကနေ ဆယ့်တစ်လွှာ ဘယ်တော့မှ တန်းရောက်မသွားဘူး
လူတွေက အောက်ဆင်းမှာကို တက်မယ့် ဓာတ်လှေကားနဲ့ တစ်ခါပြန်လိုက်လာ
တော်တော်များများက လှေကားအတိုင်း မသွားတော့ဘူး
တစ်ထပ်ကို စောင့်စီးတယ်
နှစ်လွှာ သုံးလွှာက ဖြတ်ဖြတ်ခေါ်ပြီး
ပထမထပ်နဲ့ အပေါ်တစ်ထပ်မှာ
ဆင်းတက်သွားကြတယ်
လမ်းတစ်ဝက်မှ ဖြတ်ဝင်လာ
ဓာတ်လှေကား လူပြန်အလျှော့မှာ
လူတွေဟာ အတိတ်မေ့သလိုလို ရွှေအိုးပျောက်သလိုလိုနဲ့
အရင်ရောက်နှင့်သူ ကျွန်တော်ကပဲ
လမ်းတစ်ဝက် ပြန်ထွက်ပေးလိုက်တယ်
ဩော်
ပျင်းရိပျက်ကျတတ်သော မျဉ်းမတ်များ၏
အလွှာလွှာအထပ်ထပ်မှာ
ဘဝဆိုတာ အဆောင်ဆောင်အခန်းခန်းပါလား။ ။

mgyoe.com

mgyoe.com


## ၇။

ဓာတ်လှေကားဟာ ဘယ်သွားနေလဲ
ဘယ်သူစီးနေလဲ မသိဘူး
တစ်မနက်ခင်းလုံး ဆင်းတက်နေတယ်
လူနေအထပ်တွေ ကျော်ကျော်သွား
တံခါးပွင့်သွားရင်လည်း ဘယ်သူမှ မရှိဘူး
လူတွေက အချစ်ဆိုတာ သရဲတစ္ဆေလို့ ထင်ယောင်မှားကြမှာပေါ့
ခုတော့
မခြောက်လှန့်သော အချစ်မှာ
ငါလည်း ဓာတ်လှေကားစီးရင်း အထီးကျန်။ ။

mgyoe.com

mgyoe.com



## ၄။

ဘယ်သူတွေ သွားစရာရှိလဲ
ဘယ်သူတွေ ပြန်လာသလဲ မသိဘူး
ခတ်လှေကားလည်း တစ်ညလုံး ဆင်းတက်နေရတယ်
အထပ်တိုင်းမှာ ရပ်ရပ်သွား
နံပါတ်တွေအားလုံး နှိပ်ထားပြီးသားဖြစ်နေတယ်
ကျွန်တော်လည်း အိပ်မပျော်တာနဲ့
အထပ်အရေအတွက်ထက်
ပိုတဲ့ နံပါတ်တွေ ပြောင်းနေတာကို လိုက်မှတ်ရင်း
ခတ်လှေကား လျှောက်စီးနေမိတယ်။ ။

mgyoe.com

mgyoe.com

## ၅။

ခေတ်လှေကားက မသွားလို့ ပြင်နေရတာ မဟုတ်ဘဲ
လျှောက်လျှောက်သွားနေလို့ ပြင်ပြင်နေရတာတဲ့
တကယ့်အချိန်ကျမှ ကျွန်တော်လည်း လှေကားအတိုင်း အပြေးတက်လာ
သူလည်း လှေကားအတိုင်း ဆင်းပြေးလာရ
ဒီနေရာမှာ ဘယ်သူမှ ခေတ်လှေကားမပျက်ရ။ ။

၂၈၊ ဇွန် မှ ၅၊ ဩဂုတ်၊ ၂၀၁၈ အထိ။
ရန်ကုန်။

mgyoe.com

mgyoe.com

# ဆောင်းအိပ်မက်

mgyoe.com

mgyoe.com


**၁။**

အိပ်မက်တွေ ဘာတွေ မက်လို့
ဆောင်းရောက်ပြီထင်ရဲ့။ ။

mgyoe.com

mgyoe.com



## ၂။

ဆောင်းရောက်ပြီထင်ရဲ့
အိပ်မက်တွေ ဘာတွေ မက်လို့
အိပ်မက်ထဲ မိုးပျံ့ရတယ်
မိုးပျံ့တဲ့ အိပ်မက် ပြန်ရတယ်
ငါပျံ့မရတာကြာ
အိပ်မက်ပြန်မရတာကြာ
ဒီတစ်ညမှာတော့ ငါပြန်ရပြီ
မိုးပျံ့ပူဖောင်းခိုစီးလို့
လေထဲမြောက်လို့။ ။

mgyoe.com

mgyoe.com


# ၃။

လေထဲမြောက်လို့
မိုးပျံပူဖောင်းခိုစီးလို့
ဆောင်းရောက်လို့
ငါဟာ ပျောက်ကွယ်နေရာမှ
မြူနှင်းထဲ ကိုယ့်ကိုယ်ကိုယ်ပြန်တွေ့လို့
အေးစက်စက်
အိပ်မက်တွေဘာတွေ မက်လို့။ ။

mgyoe.com

mgyoe.com



၄။

အချစ်တွေ့သယောင်နဲ့
တကယ်အချစ်မတွေ့
နောက်ဆုံးတော့
လူသေက လူရှူးကို တမ်းတရတယ်
နှင်းတောထဲက မင်းကို ငါတမ်းတရတယ်။ ။

mgyoe.com

mgyoe.com


**၅။**

ကိုကိုနဲ့ဆို ကိုယ့်ကိုယ်ကိုယ်
အမြဲယုံကြည်စိတ်ချမှုရှိတယ်။
တစ်နေ့ခင်းလုံး အတောင်ပံပါတယ်
ကိုယ်တို့ ရယ်ကြရသေးတယ်။
နှင်းတောထဲ အေးခဲမသွားအောင်
တစ်ညလုံးဖက်ပြီး ငိုကြရသေးတယ်။ ။

mgyoe.com

mgyoe.com



**၆။**

အရင်လိုဆို
လမ်းပေါ်ပြန်သေရမှာပဲ။
မပြောခဲ့ဘူးလား
အချစ်က ရှုးနေတာပါဆို။
အဲဒါဆို ကိုယ်တို့က ဘာလဲ
မင်းက အကုန်
ကိုကိုက ရက်စက်ကြီး။ ။

mgyoe.com

mgyoe.com


# ၇။

ကိုယ်ပြောစရာ ရှိတယ်လို့
ပြောခဲ့သေးတယ်။
အခုပြောဆိုတော့
လူချင်းတွေ့မှ။
အရေးကြီးလားဆိုတော့
အရေးလည်း ကြီးတယ်
မပြောလည်း ဖြစ်တယ်။
ပြောလိုက်ရင် ပျက်ပြယ်
ကိုယ်ဆွံ့အနေတယ်။
လူချင်းမတွေ့တော့ရင်ရော
ပြောစရာ မလိုတော့ဘူးပေါ့။ ။

mgyoe.com

mgyoe.com



၈။

အရှုးတစ်ယောက်လို လျှောက်လာ
ချိုသော ဒီဇင်ဘာဖြစ်ဖြစ်
ငိုသော ဒီဇင်ဘာဖြစ်ဖြစ်
ပွေ့ဖက်ဆီးကြိုပါတယ်။ ။

mgyoe.com